## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့(၄. ၁၂. ၂၀၁၇) ရက်နေ့တွင် မောက်မယ်မြို့နယ်မဲဆန္ဒနယ်အမှတ်(၁) ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဖွေးဟွမ်ဦး တင်သွင်းသည့် အဆိုဆိုင်ရာ ဆောင်ရွက်ချက်များ

**ဥက္ကဋ္ဌ။** အစီအစဉ်(၁၄)ဖြစ်ပါတယ်။ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းဖွေးဟွမ်ဦးက အဆိုတစ်ရပ်အား လွှတ်တော်သို့ပေးပို့လာပါတယ်။ အဆိုမှာ **"ယနေ့ခေတ်တွင် အမှိုက်အမျိုးမျိုးကြောင့် ညစ်ညမ်းမှုဖြစ်နေသည်ကို လျှော့ချနိုင်ရန်အတွက် ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာနမှ အမှိုက်ဖြစ်ပေါ်လာရခြင်း အကြောင်းအရင်းခံများ၊ အမှိုက် အမျိုးအစားခွဲခြားမှုများနှင့် စနစ်တကျ စွန့်ပစ်ပုံစနစ်များ ပါဝင်သော အသိပညာပေး စာအုပ်များကို ပုံနှိပ်ထုတ်လုပ်၍ အိမ်တိုင်းသို့ဖြန့်ဝေပေးပါရန် တိုက်တွန်းကြောင်း"** အဆို ဖြစ်ပါတယ်။ ယခု အဆိုတင်သွင်းဖို့ဖြစ်ပါတယ်။

**ဒေါ်နန်းဖွေးဟွမ်ဦး၊ မောက်မယ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးသို့ ကြွရောက်လာတဲ့ ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များအားလုံး၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးမင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်မအခုတင်သွင်းမည့် အကြောင်းအရာကတော့ ရှမ်းပြည်နယ်လွှတ်တော် နည်းဥပဒေ ၁၁၆ အရ အဆို တင်သွင်းခြင်းဖြစ်ပါတယ်။ ကျွန်မကတော့ မောက်မယ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဖွေးဟွမ်ဦးဖြစ်ပါတယ်။ အထက်အကြောင်းအရာ ပါကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံအသွင်ကူးပြောင်းရေးကာလတွင် စိန်ခေါ်ချက်များစွာ ရင်ဆိုင်နေရပါတယ်။ စိန်ခေါ်ချက်များစွာရှိသည့်အနက် အမှိုက်များကို စနစ်တကျစွန့်ပစ် သိမ်းဆည်းမှုမရှိခြင်းသည်လည်း ဖွံ့ဖြိုးတိုးတက်မှုအတွက် အရေးကြီးသော စိန်ခေါ်ချက်တစ်ချက် ဖြစ်နေပါတယ်။ "အမှိုက်ကစ၊ ပြဿဒ် မီးလောင်"ဆိုတဲ့ ပြဿနာများကို ရည်ညွှန်းခဲ့တဲ့စကားပုံလည်း လက်ရှိမြန်မာနိုင်ငံရဲ့ ပကတိအခြေအနေအရ ရှေ့ပြေးနိမိတ်ပုံဖြစ်နေပါတယ်။ ဥပဒေသက်ရောက်မှုအားကောင်းတဲ့နိုင်ငံများတွင် ဥပဒေလိုက်နာသည့် နိုင်ငံသားများကြောင့် အမှိုက်ပြဿနာမရှိသော်လည်း၊ ဥပဒေသက်ရောက်မှု အားနည်းသည့် ဤနိုင်ငံတွင် သေးငယ်သောအမှိုက်နှင့် ဆက်စပ်သည့်ပြဿနာများသည် ဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးမားတဲ့အဟန့် အတား ဖြစ်နေပါတယ်။ ပညာရေးပိုင်းအားနည်းမှုကြောင့် အမှိုက်မှသည် ပတ်ဝန်းကျင်ညစ်ညမ်းမှုဖြစ်ပေါ်စေခြင်း၊ ကျန်းမာရေးချို့တဲ့စေခြင်း၊ ရှေးဟောင်းသဘာဝအမွေအနှစ်များ ပျက်စီးပျောက်ကွယ်စေခြင်း၊ ကြီးမားတဲ့ ရာသီဥတုပြောင်းလဲဖြစ်ပေါ်စေခြင်း၊ ရေဆိုးနှင့်ညစ်ညမ်းသောရေများကြောင့် ဂေဟစနစ်ပျက်စီးစေခြင်း၊ နိုင်ငံတော်၏ ဘဏ္ဍာငွေထိခိုက်မှုဖြစ်ပေါ်စေခြင်း၊ လူသားအရင်းအမြစ် များဖွံ့ဖြိုးမှုအတွက် ထိခိုက်စေခြင်းစသဖြင့် အမှိုက်နှင့်ဆက်စပ်သော ဆိုးကျိုးများ ဖြစ်ပေါ်နေပါတယ်။ စည်းကမ်းနှင့်အသိပညာဖွံ့ဖြိုးမှုသည် စီးပွားရေး အခြေခံကောင်းများနှင့် စပ်ဆက်နေပါတယ်။ နိုင်ငံတစ်ချို့တွင် အမှိုက်များကို အမျိုးအစားခွဲ၍ စွန့်ပစ်သည့်စနစ်ကို ကျင့်သုံးနေသည့်အပြင် အမှိုက်မှလျှပ်စစ်မီး ထုတ်ယူသုံးစွဲနေသည်ကို တွေ့ရပါတယ်။ ပြည်သူများသည်

သက်ရှိ၊ သက်မဲ့ သဘာဝပတ်ဝန်းကျင်၏ တန်ဖိုးကိုနားမလည်ဘဲ စည်းကမ်းမဲ့စရိုက်များနှင့် ပြည့်နှက်နေသည့် ပြည်သူအများစုရှိသည့် နိုင်ငံဟူသည့်အစွဲကို ဖျောက်ဖျက်နိုင်ရန်အတွက် ရှမ်းပြည်နယ်အစိုးရမှ ဆောင်ရွက်ဖို့လိုအပ်နေပါတယ်။ သို့ဖြစ်ပါ၍ အမှိုက်များကို စနစ်တကျစွန့်ပစ်နိုင်ရန်အတွက် အမှိုက်အမျိုးအစားများကို အများပြည်သူသိအောင်၊ ခွဲခြားသိမြင်လာနိုင်အောင် စသည်တို့မှာ အစိုးရ၏ တာဝန်ပင်ဖြစ်ပါတယ်။

မီးဖိုဆောင်စားကြွင်းစားကျန် အမှိုက်များ၊ ကွဲရှတတ်သော အမှိုက်များ၊ သတ္တုအမာထည်အမှိုက်များ၊ လျှပ်စစ်ဓါတ်အားသုံး အမှိုက်များ၊ အိမ်ထောင်ပရိဘောဂအမှိုက်များ၊ ဓါတုနှင့် ဆေးဝါးအကြွင်းအကျန်အမှိုက်များ၊ လူသုံးကုန်စွန့်ပစ်ပစ္စည်းအမှိုက်များ၊ တိရစ္ဆာန်နှင့်ပတ်သက်သောအမှိုက်များ၊ လူတို့၏ဖန်တီးမှုကြောင့် ဖြစ်ပေါ်လာသော အမှိုက်များ၊ ရေဆိုးရေညစ်များ စီးဆင်းမှုကြောင့် ဖြစ်ပေါ်လာသော အညစ်အကြေးများ၊ သဘာဝဖန်တီးမှု၊ ကုန်းတွင်းပိုင်းစိုက်ပျိုးရေးနှင့် လုပ်ငန်းပိုင်းဆိုင်ရာအမှိုက်များနှင့် လောင်စာဆီများ ယိုဖိတ်ခြင်းနှင့် တမင်စွန့်ထုတ်ခြင်းကြောင့် ဖြစ်ပေါ်လာသည့် အမှိုက်အမျိုးမျိုးတို့ကို ခွဲခြားသိမြင်လာရန် လိုအပ်ပါတယ်။

အမှိုက်စွန့်ပစ်ပုံစနစ်များကို ကျေးလက်နေပြည်သူလူထုအတွက်လည်းကောင်း၊ အထပ်မြင့်စုပေါင်းအိမ်ရာအတွက်လည်း ကောင်း၊ လုံးချင်းအိမ်ရာအတွက်လည်းကောင်း၊ မြို့နေပြည်သူများအတွက် အမှိုက်ပုံများကို ပြည့်စုံစွာထားရှိမှုအတွက်လည်းကောင်း၊ ခေတ်မီအမှိုက်ကန်များ၊ အနံ့အသက်လုံသော၊ အမြင်တင့်တယ်သော အမှိုက်ထားရှိမှုစနစ်များကို အသိပေးရန် လိုအပ်ပါတယ်။

ပြည်သူများကိုယ့်အသိစိတ်ဓါတ်နှင့် ကိုယ်သန့်ရှင်းရေးကို တစ်နိုင်တစ်ပိုင်လုပ်ဆောင်ခြင်း၊ စနစ်တကျစွန့်ပစ်ခြင်းနှင့် စွန့်ပစ်ပစ္စည်းများ ပြန်လည်အသုံးပြုခြင်းကို ပြုလုပ်နိုင်ရပါမည်။ သို့ဖြစ်ပါ၍ အမှိုက်များပရမ်းပတာစွန့်ပစ်မှုကြောင့် ဖြစ်ပေါ်လာမည့် ဆိုးကျိုးများအတွက် အစိုးရ၏ကုန်ကျမည့် ဘတ်ဂျက်များကို တစ်ဖက်တစ်လမ်းမှ ပြန်လည်ထိန်းသိမ်းရာရောက်ပါတယ်။

ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ၏ ရည်ရွယ်ချက်များတွင် ပုဒ်မ ၄(က)၌ မြို့၊ ရပ်ကွက်၊ ကျေးရွာများကို စနစ်တကျပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ ပုဒ်မ ၄(ဃ)တွင် အများပြည်သူထံမှ ရရှိသည့် အခွန်အခများသည် အများပြည်သူအကျိုးအတွက်သာ ဖြစ်သည်ဟူသော ဦးတည်ချက်ဖြင့် ဆောင်ရွက်စေရန်ဟူ၍ ပါရှိထားပါတယ်။ သို့ဖြစ်ပါ၍ သယံဇာတပေါများသည့် နိုင်ငံမှသည် အမှိုက်ပေါများသည့် နိုင်ငံမဖြစ်ပေါ်စေရန်နှင့် ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်ပြီး **"ယနေ့ခေတ်တွင်အမှိုက်အမျိုးမျိုးကြောင့် ညစ်ညမ်းမှုဖြစ်ပေါ်နေသည်ကို လျှော့ချနိုင်ရန်အတွက် ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာနမှ အမှိုက်ဖြစ်ပေါ်လာရခြင်း အကြောင်းအရင်းခံများ၊ အမှိုက်အမျိုးအစားခွဲခြားမှုများနှင့် စနစ်တကျစွန့်ပစ်ပုံစနစ်များပါဝင်သော အသိပညာပေးစာအုပ်များကို ပုံနှိပ်ထုတ်ဝေ၍ အိမ်တိုင်းသို့ ဖြန့်ချီပေးနိုင်ပါရန် တိုက်တွန်းကြောင်း"** အဆိုကို တင်သွင်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**အဆိုကို ပြည်နယ်လွှတ်တော်က လက်ခံဆွေးနွေးရန် မသင့်ကြောင်းဆုံးဖြတ်ပါက ယင်းအဆိုကို လက်ခံဆွေးနွေးရန်မသင့်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။ (သို့မဟုတ်)အဆိုကို လက်ခံဆွေးနွေးရန် ဆုံးဖြတ်ပါက ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌက ကြေညာခြင်း။**

**ဥက္ကဋ္ဌ။** အဆိုကို ထောက်ခံမည့် ကိုယ်စားလှယ် ရှိပါက ဆက်လက်ဆောင်ရွက်စေလိုပါတယ်။

**ဦးစိုင်းအောင်မျိုးကျော်၊ လင်းခေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁)။** လေးစားရပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ရှမ်းပြည်နယ်ဝန်ကြီးချုပ်၊ ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များအားလုံး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဦးစွာဆုတောင်း မေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ လင်းခေးမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းအောင်မျိုးကျော်ဖြစ်ပါတယ်။ကျွန်တော့်အနေနဲ့ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဖွေးဟွမ်ဦးတင်သွင်းသော **"ယနေ့ခေတ်တွင်အမှိုက်အမျိုးမျိုးကြောင့်ညစ်ညမ်းမှုဖြစ်နေသည်ကိုလျှော့ချနိုင်ရန်အတွက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနမှအမှိုက်ဖြစ်ပေါ်လာရခြင်းအကြောင်းအရင်းခံများ၊ အမှိုက်အမျိုးအစားခွဲခြားမှုများနှင့် စနစ်တကျစွန့်ပစ်ပုံစနစ်များပါဝင်သော အသိပညာပေးစာအုပ်များကို ပုံနှိပ်ထုတ်လုပ်၍အိမ်တိုင်းသို့ ဖြန့်ဝေပေးပါရန်တိုက်တွန်းကြောင်း"**အဆိုကိုလေးလေးနက်နက် ထောက်ခံရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်နန်းဖွေးဟွမ်ဦး တင်သွင်းသော အဆိုကို လွှတ်တော်ကိုယ်စားလှယ်(၁)ဦးက ထောက်ခံသွားပါတယ်။ အဆိုမှာ **"ယနေ့ ခေတ်တွင် အမှိုက်အမျိုးမျိုးကြောင့် ညစ်ညမ်းမှုဖြစ်နေသည်ကို လျှော့ချနိုင်ရန်အတွက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနမှ အမှိုက်ဖြစ်ပေါ်လာရခြင်းအကြောင်းအရင်းခံများ၊ အမှိုက်အမျိုးအစားခွဲခြားမှုနှင့် စနစ်တကျစွန့်ပစ်ပုံစနစ် ပါဝင်သောအသိပညာပေးစာအုပ်ကိုပုံနှိပ်ထုတ်ဝေ၍အိမ်တိုင်းသို့ ဖြန့်ဝေပေးပါရန် တိုက်တွန်းကြောင်း"** အဆိုဖြစ်ပါတယ်။ ယခုအဆိုကိုလက်ခံဆွေးနွေးရန် သင့်/မသင့်လွှတ်တော်ရဲ့ဆန္ဒရယူ မှာဖြစ်ပါတယ်။ အဆိုကိုလက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**(သုံးကြိမ်တိုင်တိုင်မေးပါသည်။
လွှတ်တော်ကသဘောတူပါသည်။)**

အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စား လှယ်ရှိပါသလားခင်ဗျား။အဆိုကို လက်ခံဆွေးနွေးရန် သဘောမတူသည့် ကိုယ်စားလှယ် မရှိတဲ့အတွက် ဒေါ်နန်းဖွေးဟွမ်ဦး တင်သွင်းသည့်

အဆိုကို လွှတ်တော်ကလက်ခံဆွေးနွေးရန် သဘောတူကြောင်း ကြေညာပါတယ်။ အဆိုကို **၂၀၁၇ခုနှစ်၊ ဒီဇင်ဘာလ ၅ ရက် (အင်္ဂါနေ့)**မှာ ဆွေးနွေးမှာဖြစ်ပါတယ်။ ဆွေးနွေးမယ့် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ အစည်းအဝေးရပ်နားတဲ့အခါ ဒီကနေ့ညနေပိုင်းမှာ ရှမ်းပြည်နယ်လွှတ်တော်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းပေးသွင်းဖို့ ဖြစ်ပါတယ်။

## ဒုတိယအကြိမ်ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ (၅. ၁၂. ၂၀၁၇) ရက်နေ့တွင် အဆိုကို ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**ဥက္ကဋ္ဌ။** အစီအစဉ်(၈)ဖြစ်ပါတယ်။ မောက်မယ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ဒေါ်နန်းဖွေးဟွမ်ဦး၏ "ယနေ့ခေတ်တွင် အမှိုက်အမျိုးမျိုးကြောင့် ညစ်ညမ်းမှုဖြစ်နေသည်ကို လျှော့ချနိုင်ရန် အတွက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနမှ အမှိုက်ဖြစ်ပေါ်လာရခြင်း အကြောင်းအရင်းခံများ၊ အမှိုက်အမျိုးအစားခွဲခြားမှုများနှင့် စနစ်တကျစွန့်ပစ်ပုံစနစ်များပါဝင်သော အသိပညာပေးစာအုပ်များကို ပုံနှိပ်ထုတ်လုပ်၍ အိမ်တိုင်းသို့ ဖြန့်ဝေပေးပါရန် တိုက်တွန်းကြောင်း" အဆိုနှင့် စပ်လျဉ်းပြီးလွှတ်တော်ကိုယ်စားလှယ် (၂)ဦးမှ အမည်စာရင်းပေးသွင်းထားပါတယ်။

**ဥက္ကဋ္ဌ။** ပထမဦးစွာ မိုးမိတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဒေါ်ရီရီဝင်းက အဆိုကိုဆွေးနွေးဖို့ ဖြစ်ပါတယ်။

**ဒေါ်ရီရီဝင်း၊ မိုးမိတ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)။** ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကို တက်ရောက်လာကြသောပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်နယ်ဝန်ကြီးချုပ်၊ ဝန်ကြီးများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့နှုတ်ခွန်းဆက်သအပ်ပါတယ်ရှင်။ မောက်မယ်မြို့နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်နန်းဖွေးဟွမ်ဦးရဲ့ "ယနေ့ခေတ်တွင် အမှိုက်အမျိုးမျိုးကြောင့် ညစ်ညမ်းမှုဖြစ်နေသည်ကို လျှော့ချနိုင်ရန်အတွက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနမှ အမှိုက်ဖြစ်ပေါ်လာရခြင်း အကြောင်းအရင်းခံများ၊ အမှိုက်အမျိုးအစားခွဲခြားမှုများနှင့် စနစ်တကျစွန့်ပစ်ပုံစနစ်များပါဝင်သော အသိပညာပေးစာအုပ်များကို ပုံနှိပ်ထုတ်လုပ်၍ အိမ်တိုင်းသို့ဖြန့်ဝေပေးပါရန် တိုက်တွန်းကြောင်း" အဆိုနှင့် ပတ်သက်ပြီး မိုးမိတ်ခရိုင်၊ မိုးမိတ်မြို့နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ကျွန်မဒေါ်ရီရီဝင်းက ဆွေးနွေးသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ရှမ်းပြည်နယ် လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များရှင်။ ကျွန်မတို့အားလုံးနေရာဒေသအနှံ့အပြားကို ခရီးထွက်ဖူးကြပါလိမ့်မယ်။ မြို့တစ်မြို့ ဒါမှမဟုတ် ရွာတစ်ရွာကိုဝင်ရောက်တော့မည်ဆိုရင် သိသာထင်ရှားတဲ့ပုံရိပ်တစ်ခုကတော့ အနံ့အသက်ဆိုးဝါးလှသည့် အမှိုက်ပုံများလမ်းဘေးဝဲယာမှာ အပြည့်မြင်တွေ့ကြရမှာပါ။ လူတွေရှိတော့ အမှိုက်ရှိမှာပေါ့လို့ ပြောစရာရှိပေမဲ့ အဲ့ဒီတွေ့ရှိရတဲ့ အမှိုက်တွေဟာ စနစ်တကျစွန့်ပစ်ထားတာ မဟုတ်တာကတော့ အသေအချာပါပဲ။ ဒီလိုဖြစ်ရ

တာလဲ ပြဿနာကတော့အမှိုက်ကို သေချာမစွန့်ပစ်ခြင်းပင်ဖြစ်ပါတယ်။ ကျွန်မတို့ငယ်စဉ်က မုန့်တွေကို အင်ဖက်၊ ငှက်ပျောရွက်တွေနဲ့ ထုပ်ပိုးကြပါတယ်။ ယခုခေတ်ကဲ့သို့ စားသောက်ကုန်ပစ္စည်းများမရှိသလို ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်ခွက်များ တွင်ကျယ်စွာမသုံးကြခြင်းကြောင့် အကယ်၍ အမှိုက်ပစ်ချထားခဲ့ မည်ဆိုရင်တောင် မြေကြီးပြန်ဖြစ်နိုင်ပါတယ်။ အမှိုက်ကို လူကြီး၊ လူငယ်၊ လူလတ်အကုန်လုံးနီးပါး စည်းကမ်းမဲ့ စွာစွန့်ပစ်ကြပါတယ်။ မစွန့်ပစ်သူများလည်းရှိပါလိမ့်မယ်။ စိတ်ဓါတ်အခြေခံကျပါတယ်။ စိတ်ဓါတ်(mind-set)နှင့်ပတ်သက်ပြီး သဘာဝပတ်ဝန်းကျင်ကို ချစ်တတ်တဲ့စိတ်ဓါတ်မျိုးတွေကို ပြုလုပ်ပေးသင့်ပါတယ်။ စည်းကမ်းဥပဒေနှင့်ကြပ်မတ်ပြီး လုပ်ရတာမျိုး မလိုအပ်ပေမဲ့ မိမိမှီခိုနေထိုင်ရာ ပတ်ဝန်းကျင်ကို သန့်ရှင်းအောင်၊ လှပအောင်၊ ရုပ်ဆိုး အကျည်းတန်မသွားအောင် ထိန်းသိမ်းပေးဖို့ လိုအပ်လှပါတယ်။ မိမိပတ်ဝန်းကျင် အတွက် လူသားတိုင်း စောင့်ထိန်းရမဲ့တာဝန်ရှိတယ်ဆိုတဲ့ အသိပညာပေးဖို့ အစိုးရရဲ့တာဝန်တစ်ရပ်လို့ယုံကြည်မိပါ တယ်။ အဲ့ဒီအမှိုက်တွေကို စည်ပင်က လိုက်လံသိမ်းဆည်းနေရုံနှင့် မပြီးသေးပါဘူး။ ကျွန်မတို့ဆိုင်တစ်ခုမှာ စားစရာဝယ်မည်ဆိုပါတော့ အပြန်မှာ ကြွပ်ကြွပ်အိတ်နှင့် ထည့်ခဲ့မယ့်အစား အိမ်ကထည့်စရာချိုင့် တစ်ပါတည်းယူသွားမည်ဆိုတဲ့ အသိလေးတွေ၊ ဈေးသွားရင် ဈေးခြင်းကလေးတွေ ယူသွားတဲ့ အကျင့်လေးတွေရှိသွားရင် အမှိုက်သိမ်းတာ သက်သာသွားမည်ဆိုတာ အသေအချာပါပဲ။ ပြည်သူရဲ့ ထည့်ဝင်ငွေနဲ့ ရပ်တည်ရတဲ့ စည်ပင်သာယာရေးဌာနအနေနှင့်လည်း ငွေကိုတခြားနေရာတွေမှာ အကျိုးရှိရှိနဲ့ သုံးစွဲသွားနိုင်ပါလိမ့်မယ်။ အမှိုက်စွန့်ပစ်ပုံနည်းစနစ်တွေကို ပညာပေး၊ အသိပေးဖို့ရာအတွက် အများ မြင်သာတဲ့နေရာများတွင် ပိုစတာစိုက်ထူပြီးလည်း လုပ်ဆောင်ရန်သင့်တော်ပါတယ်။ ရေရှည်အနေနဲ့ ကျောင်းစာသင်ရိုးညွှန်းတမ်းထည့်သွင်းရေးဆွဲပါက ပိုမိုကောင်းမွန်လှတဲ့ အစီအစဉ်တွေပဲဖြစ်ပါလိမ့်မယ်။ ကျွန်မ ဒသမတန်းမှာ ပညာသင်ခဲ့ရစဉ် ကျွန်မနှစ်သက်တဲ့ စမ်းချောင်းကလေးဆိုတဲ့ အင်္ဂလိပ်ကဗျာတစ်ပုဒ်ထဲက စာကြောင်းလေး(၂)ကြောင်းကို ရွတ်ပြပါရစေ။ For men may come and men may go, but I go on forever တဲ့။ လူတွေက သေဆုံးသွားကြတယ်၊ မွေးဖွားလာကြတယ်။ ငါကတော့ စီးဆင်းဆဲ စီးဆင်းနေမြဲပါတဲ့။ စမ်းချောင်းလေးတွေကိုတွေ့ရင် ကဗျာထဲက စမ်းချောင်းလေးနဲ့ တစ်ခြားစီဖြစ်နေရတာကိုတွေ့ရပါတယ်။ စမ်းချောင်းလေးမှာ အမှိုက်တွေပြည့်နေပြီး စီးဆင်းမှုမရှိနိုင်ပဲ ခြောက်သွေ့နေကြတာတွေ၊ စိတ်မချမ်းမြေ့ စရာတွေ့ရပါတယ်။ စမ်းချောင်းလေးက သူကိုယ်တိုင်ပြောတဲ့သဏ္ဍာန်နဲ့ ကျွန်ုပ်တို့ကို ကောင်းမွန်စွာ စီးဝင်ခွင့်ပေးပါလို့ ရေးသားထားတာတွေ့ရရင် အဲဒီစာနဲ့စမ်းချောင်းလေး စီးဆင်းမြဲစီးဆင်းနေတာမြင်ရတော့ လူတိုင်းရဲ့ရင်ထဲမှာ စိတ်ကြည်နူးခြင်းကို ခံစားရမှာပါ။ ရေဆိုးနဲ့ ညစ်ညမ်းရေများ မဖြစ်အောင်ပြုလုပ်တဲ့နေရာမှာ ထိရောက်မှုရှိတာကို တွေ့ရပါလိမ့်မယ်။ ဒါကြောင့်သဘာဝစိမ့်စမ်းများနှင့် လှပနေသော ကျွန်မတို့ရဲ့ ရှမ်းပြည်နယ်ကို လူတို့၏ ပရမ်းပတာစွန့်ပစ်သော အမှိုက်များကြောင့် ဆိုးကျိုးများနည်းနိုင်သမျှ နည်းပါး လာစေပြီး စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရန်ရည်ရွယ်သည့် ယနေ့ခေတ်တွင် အမှိုက်အမျိုးမျိုးကြောင့် ညစ်ညမ်းမှုဖြစ်နေသည်ကိုလျှော့ချနိုင်ရန်အတွက် ရှမ်း ပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနမှ အမှိုက်ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းခံများ၊ အမှိုက်အမျိုးအစားခွဲခြားမှုများနှင့် စနစ်တကျ စွန့်ပစ်ပုံ

့စနစ်များပါဝင်သော အသိပညာပေးစာအုပ်နှင့် မဖြစ်နိုင်ခဲ့ရင်တောင် အခြားနည်းလမ်းများနှင့် ပြည်သူလူထုကို ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်အသိပညာပေးသင့်ပါကြောင်း အဆိုကို ဆွေးနွေးရင်းနိဂုံးချုပ်အပ်ပါတယ်ရှင်။ အားလုံးကိုကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ဆက်လက်ပြီး ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးခင်မောင်ဝင်းက အဆိုကိုဆွေးနွေးမှာ ဖြစ်ပါတယ်။

**ဦးခင်မောင်ဝင်း၊ ညောင်ရွှေမြို့နယ်မဲဆန္ဒနယ်အမှတ် (၁)**။လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာပဏာမ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ညောင်ရွှေမြို့နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ဝင်းဖြစ်ပြီး (၄. ၁၂. ၂၀၁၇)ရက်နေ့၊ ဒုတိယအကြိမ် ရှမ်းပြည်နယ်လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး (ပထမနေ့)တွင် လွှတ်တော်သို့ ဒေါ်နန်းဖွေးဟွမ်ဦး၊ မောက်မယ်မြို့ နယ်၊ မဲဆန္ဒနယ်အမှတ်(၁)မှ တင်သွင်းသော “ ယနေ့ခေတ်တွင် အမှိုက်အမျိုးမျိုးကြောင့် ညစ်ညမ်းမှုဖြစ်နေသည်ကို လျှော့ချနိုင်ရန်အတွက် ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနမှ အမှိုက်ဖြစ်ပေါ်လာရခြင်း အကြောင်းအရင်းခံများ၊ အမှိုက်အမျိုးအစား ခွဲခြားမှုများနှင့် စနစ်တကျစွန့်ပစ်ပုံစနစ်များပါဝင်သော အသိပညာပေးစာအုပ်များကို ပုံနှိပ်ထုတ်လုပ်၍ အိမ်တိုင်းသို့ဖြန့်ဝေပေးပါရန် တိုက်တွန်းကြောင်း”အဆိုအား အပြုသဘောဆောင် အကြံပြုဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အသိပညာပေးလုပ်ငန်းတွင် Multi Media, Social Media, Print Media စသည်ဖြင့် ရှိပါတယ်။ ပုံနှိပ်ထုတ်ဝေခြင်း၊ ရေဒီယို၊ တယ်လီဗီးရှင်း၊ IEC, စသည်ဖြင့် အခန်းကဏ္ဍအသီးသီးရှိပါတယ်။ ရှမ်းပြည်နယ်သည် မြန်မာနိုင်ငံ၏ အကျယ်ဆုံးပြည်နယ်ဖြစ်ပါတယ်။ တိုင်းရင်းသား လူမျိုးအများဆုံးနှင့် ဘာသာစကားအမျိုးမျိုးကွဲပြားကြပါတယ်။၂၀၁၄ခုနှစ်၊ သန်းခေါင်စာရင်းကောက်ယူမှုစစ်တမ်းအရ ရှမ်းပြည်နယ်မှာစာမတတ်သူ ရာခိုင်နှုန်းအများဆုံးဟု လေ့လာမှတ်သားရပါတယ်။ အသိပညာပေးပုံနှိပ် ထုတ်လုပ်ရန် မြန်မာဘာသာတစ်မျိုးတည်းဖြင့် မလုံလောက်ပဲအခြားရှမ်း၊ လားဟူ၊ အာခါ၊ ဝ၊ ကယန်း၊ ပအိုဝ်း၊ ပလောင် စသည်ဖြင့် ဘာသာစကားများဖြင့် ပုံနှိပ်ထုတ်ဝေရမှာဖြစ်ပါတယ်။ ၎င်းအစီအစဉ်များအတွက် ပြုလုပ်မည်ဆိုပါက Situation Analyse ပြုလုပ်ရမည်ဟုထင်မြင်ပါတယ်။ စာမတတ်သူများအတွက်တော့အသုံးဝင်မည်မဟုတ်ပါ။ နိုင်ငံတော်မှသတ်မှတ်ထားသော ပတ်ဝန်းကျင်သန့်ရှင်းရေးဆိုင်ရာမူဝါဒများနှင့်လည်း ကိုက်ညီရပါမယ်။ပညာပေးလုပ်ငန်းများအောင်မြင်သည့်အခါတွင်လည်းအရင်းအမြစ်များဖြစ်သော အိတ်များ၊ ပုံးများ၊ ယာဉ်ယန္တရား၊ စွန့်ပစ်ရန်နေရာများ၊ ပြန်လည်အသုံးပြုရန်စက်ရုံများစသည်တို့ လိုအပ်လာမှာ ဖြစ်ပါတယ်။ အသိပညာပေးစာအုပ် ထုတ်လုပ်မည်ဆိုပါက ကျွန်တော်အထက်ကတင်ပြ ဆွေးနွေးထားသောအချက်အလက်များထည့်သွင်းစဉ်းစားရန် အပြုသဘောဆောင်အကြံပြုဆွေးနွေးအပ်ပါတယ်ခင်ဗျား။အားလုံးကိုကျေးဇူးတင်ပါတယ်။

## အဆိုနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးမှ ဆွေးနွေးရှင်းလင်းခြင်းနှင့်လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

**ဥက္ကဋ္ဌ။** ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒေါ်နန်းဖွေးဟွမ်ဦး တင်သွင်းတဲ့အဆိုကိုလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက အသီးသီးအကြံပြုဆွေးနွေးထားတာရှိပါတယ်။ ဒေါ်ရီရီဝင်း အနေနဲ့ စာအုပ်ထုတ်လုပ်မည့်အစား တခြားနည်းလမ်းရှာဖို့ အကြံပေးထားတာရှိသလို၊ ဦးခင်မောင်ဝင်း ကလည်း အကြံပြုဆွေးနွေးရာမှာ မြန်မာဘာသာအပြင် တခြား တိုင်းရင်းသားဘာသာဖြင့်လည်း ပုံနှိပ်ထုတ်ဝေဖို့ အကြံပြုဆွေးနွေးထားတာရှိပါတယ်။ ဒါနဲ့စပ်လျဉ်းပြီး ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၂၅ (င)အရ သက်ဆိုင်ရာဝန်ကြီးမှ ပြန်လည်ရှင်းလင်းဆွေးနွေးရန် ဖြစ်ပါတယ်။

**ဦးစိုင်းစွံဆိုင်း၊ စည်ပင်သာယာရေးဝန်ကြီး။** လေးစားအပ်ပါသော ရှမ်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း မေတ္တာပို့သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရှမ်းပြည်နယ်အစိုးရ အဖွဲ့ဝင်၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးစိုင်းစွံဆိုင်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်လွှတ်တော် ကိုယ်စားလှယ်၊ ဒေါ်နန်းဖွေးဟွမ်ဦး၏ အဆိုနှင့်ပတ်သက်ပြီး ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။ "ယနေ့ခေတ်တွင် အမှိုက်အမျိုးမျိုးကြောင့် ညစ်ညမ်းမှုဖြစ်နေသည်ကို လျှော့ချနိုင်ရန်အတွက် ရှမ်းပြည်နယ် စည်ပင်သာယာရေးဝန်ကြီးဌာနမှ အမှိုက်ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းခံများ၊ အမှိုက်အမျိုးအစား များခွဲခြားမှုများနှင့် စနစ်တကျစွန့်ပစ်ပုံစနစ်များပါဝင်သော အသိပညာပေးစာအုပ်များ ကိုပုံနှိပ်ထုတ်လုပ်၍ အိမ်တိုင်းသို့ ဖြန့်ဝေပေးပါရန် တိုက်တွန်း ကြောင်း"အဆိုနှင့်ပတ်သက်ပြီး အောက်ပါအတိုင်းတင်ပြလိုပါတယ်-

ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေပုဒ်မ ၁၇(င)တွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူ ပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပုဒ်မ၁၇(စ)တွင် မိလ္လာလုပ်ငန်းနှင့် ရေဆိုးသန့်စင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ ပုဒ်မ၁၇(ဠ)တွင် အမှိုက်စွန့်ပစ်ရန် နေရာသတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့်စီမံခန့်ခွဲခြင်း၊ ပုဒ်မ၁၇(ဎ)တွင် ပတ်ဝန်းကျင်ထိခိုက်စေနိုင်သောလုပ်ငန်း၊ အန္တရာယ်ရှိစေနိုင်သော လုပ်ငန်းများနှင့်စပ်လျဉ်း၍ စည်းကမ်းများသတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်း၊ ပုဒ်မ၃၀(က)တွင် အမှိုက်များနှင့် နံစော်နေသော အရာဝတ္ထု များကို စွန့်ပစ်ခြင်းမပြုမီ စုဆောင်း၍ထည့်ထားရန်၊ သင့်လျော်သော အမှိုက်အိတ်၊ အမှိုက်ပုံးများ၊ အမှိုက်ကျင်းများ၊ အမှိုက်ကန်များ စီမံထားရှိစေခြင်းတို့ကို ပြဋ္ဌာန်းထားပြီးဖြစ်သည့်အပြင်(၅-၂-၂၀၁၆) ရက်နေ့တွင် ထုတ်ပြန်ကြေညာခဲ့သည့် စည်ပင်သာယာရေး နယ်နိမိတ်အတွင်း အမှိုက်သရိုက် အညစ်အကြေးများကို စွန့်ပစ်ခြင်း၊ သိမ်းဆည်းခြင်းတို့နှင့်စပ်လျဉ်း၍ ကြီးကြပ်စီမံခန့်ခွဲခြင်းဆိုင်ရာ စည်းကမ်းများ(By-Law)တွင်လည်း "အမှိုက်စွန့်ပစ်ရန်နေရာများနှင့် စွန့်ပစ်ရန်နည်းလမ်းများသတ်မှတ်ခြင်း"ကို ထည့်သွင်း ဖော်ပြပြီးဖြစ်ပါသည်။သို့ရာတွင် စည်ပင်သာယာရေးဌာနများ အနေဖြင့် မြို့ပြသန့်ရှင်းရေးအတွက် လူအင်အား၊ ငွေအင်အား များစွာကျခံသုံးစွဲမှုမရှိသဖြင့် တောင်ကြီး၊ လားရှိုး၊ မူဆယ်၊ ကျိုင်းတုံ၊ တာချီလိတ်၊ မြို့ကြီး

(၅)မြို့နှင့် ကွတ်ခိုင်၊ တန့်ယန်း၊ ဖယ်ခုံမြို့(၃) မြို့တွင် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်း၍ မြို့ပေါ် အမှိုက်နှင့် မိလ္လာသိမ်းဆည်းခြင်း ဝန်ဆောင်မှုလုပ်ငန်းများ အား PPP စနစ်ဖြင့် လုပ်ငန်းသဘောတူ စာချုပ် ချုပ်ဆိုဆောင်ရွက်လျက်ရှိရာ မြို့ပေါ် အမှိုက်များသိမ်းဆည်းမှုသာ ဆောင်ရွက်နိုင်ပြီး သိမ်းဆည်း လာသောအမှိုက်နှင့် စွန့်ပစ်ပစ္စည်းများ အမျိုးအစားအလိုက်ခွဲခြား၍ ပြုပြင်သန့်စင်ခြင်း၊ စွန့်ပစ်ခြင်းလုပ်ငန်း များနှင့် ပတ်သက်၍ Reuse, Recovery, Recycling များဆောင်ရွက်နိုင်မှု မရှိပဲ သတ်မှတ်အမှိုက်ကျင်းမြေနေရာ များသို့ သွားရောက်ပို့ဆောင်ခြင်း၊ အဆိုပါ အမှိုက်ကျင်းများအားမီးရှို့ခြင်း၊ စက်ယန္တရားအသုံးပြု၍ ချောက်များ၊ ချိုင့်ဝှမ်းများအတွင်း တွန်းပို့ခြင်းများကိုသာ ဆောင်ရွက်နိုင်သောအခြေအနေဖြစ်ပါတယ်။ ထို့ပြင် မြို့ပြဖွံ့ဖြိုး တိုးတက်လာမှု၊ လူဦးရေ တိုးတက်လာမှုများအရ စည်ပင်သာယာရေးဌာနများမှ အမှိုက်စွန့်ပစ်ရန် သတ်မှတ် ထားသည့်၊ လူအများနှင့် ဝေးကွာသည့်မြေနေရာများမှာ တဖြေးဖြေးတိုးချဲ့ခံလာရခြင်း၊ အမှိုက်ပုံ၊ အမှိုက်ကျင်းများအားကျန်းမာရေးနှင့်မညီညွတ်၍ဖယ်ရှား ရွှေ့ပြောင်းပေးရန် မကြာခဏတိုင်ကြားခံရခြင်း၊ ရွှေ့ပြောင်းပေးရခြင်း တို့ဖြစ်ပေါ် လျက်ရှိပြီး အမှိုက်ကျင်းမြေနေရာသစ်များ ရရှိရေးဆောင် ရွက်ရာတွင်လည်း မြေနေရာရှားပါးလာမှုများကြောင့် အခက်အခဲများစွာကြုံတွေ့နေရပါသည်။ အဆိုပါအမှိုက်သိမ်းဆည်းမှု၊ အမှိုက် စွန့်ပစ်မှုကိစ္စများအတွက် ပြည်သူလူထုအားအသိပညာပေး စည်းရုံးနိုင်ရေးကိစ္စနှင့် ပတ်သက်၍ မြို့နယ်အဆင့် ဌာနဆိုင်ရာများဖြစ်သည့် သစ်တောဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာ ရေးဌာနတို့ ပူးပေါင်း၍ တောင်ကြီးမြို့နယ်အတွင်း အေးသာယာမြို့၊ ရွှေညောင်မြို့နှင့် အနီးအနားပတ်ဝန်းကျင် ကျေးရွာများရှိ မူလတန်း၊ အလယ်တန်း၊ အထက်တန်းစသည့် စာသင်ကျောင်းများသို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း နိုင်ရေးနှင့်ဆက်စပ်၍ အသိပညာပေး ဟောပြောပွဲများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး အခြားမြို့နယ် များတွင်လည်း အခါအားလျော်စွာ စည်းရုံးဆောင်ရွက်ခြင်း၊ အသိပညာပေးခြင်း လုပ်ငန်းများကို ဆောင်ရွက် လျက်ရှိပါတယ်။ အဆိုပါအမှိုက်များအား စနစ်တကျသိမ်းဆည်းရေး၊စီမံခန့်ခွဲရေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စု အစိုးရအဖွဲ့မှ (၂-၆-၂၀၁၆)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊ ၃၅/၂၀၁၆ဖြင့် အမျိုးသားအဆင့် ပတ်ဝန်း ကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ဗဟိုကော်မတီကို ဖွဲ့စည်းပေးခဲ့ပြီး လုပ်ငန်းကဏ္ဍများအလိုက် သက်ဆိုင်သည့်ဌာနများ ပူးပေါင်း၍ စနစ်တကျအကောင်အထည်ဖော် ဆောင်ရွက်သွားနိုင်ရန် လုပ်ငန်းကော်မတီ(၆)ရပ်ကိုပြည်ထောင်စုအစိုးရအဖွဲ့၏(၂-၆-၂၀၁၆) ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ်၊၃၆/၂၀၁၆ဖြင့် ထပ်မံဖွဲ့စည်းခဲ့ပါသည်။ အဆိုပါလုပ်ငန်းကော်မတီများအနက် စက်မှုစီမံကိန်းများ၊ မြို့ပြနှင့်ရပ်ရွာများ၏ ပတ်ဝန်းကျင်နှင့် စွန့်ပစ်ပစ္စည်းစီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်း ကော်မတီအား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန်မှ ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်၍ ပတ်ဝန်းကျင် ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ်မှ တွဲဖက်အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ အခြားဌာန/အဖွဲ့အစည်း များနှင့်တိုင်းဒေသကြီး / ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များမှ အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်

ဖွဲ့စည်းပေးခဲ့ပါတယ်။

အထက်ပါစက်မှုစီမံကိန်းများ၊မြို့ပြနှင့်ရပ်ရွာများ၏ ပတ်ဝန်းကျင်နှင့်စွန့်ပစ်ပစ္စည်း စီမံအုပ်ချုပ်မှုဆိုင်ရာလုပ်ငန်းကော်မတီ၏ ပထမအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား (၃-၁၁-၂၀၁၆) ရက်နေ့တွင်လည်းကောင်း၊ ဒုတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား (၁၈-၅-၂၀၁၇)ရက်နေ့တွင်လည်းကောင်း၊ တတိယအကြိမ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးအား (၂၁-၈-၂၀၁၇) ရက်နေ့တွင်လည်းကောင်းကျင်းပခဲ့ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ တာဝန်နှင့်လုပ်ပိုင်ခွင့်များ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေ မြို့ပြဆိုင်ရာပြဋ္ဌာန်းချက်များ၊ ပတ်ဝန်းကျင်နှင့်လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်းဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်များကို ဆွေးနွေးခြင်း၊ အမျိုးသားအဆင့်စွန့်ပစ်ပစ္စည်းများစီမံခန့်ခွဲရေး မဟာဗျူဟာနှင့် လုပ်ငန်းအစီအစဉ် (၂၀၁၇-၂၀၃၀)(မူကြမ်း) အတွက်အကြံပြုတင်ပြခြင်းများကို ဆောင်ရွက်ခဲ့ကြပါသည်။ မြန်မာနိုင်ငံတွင် စွန့်ပစ်ပစ္စည်းများကို စီမံခန့်ခွဲနေသည့် စည်ပင်သာယာရေးအဖွဲ့အစည်း အသီးသီး (ရန်ကုန်မြို့တော်၊ နေပြည်တော်၊ မန္တလေးနှင့် စည်ပင် သာယာရေးအဖွဲ့များ)အနေဖြင့် စွန့်ပစ်ပစ္စည်းများကို စနစ်တကျ စီမံခန့်ခွဲရာတွင် ငွေကြေးလုံလောက်စွာ သုံးစွဲနိုင်ရေးကို နိုင်ငံတော်အစီအစဉ်ဖြင့် ကူညီမှုများ ပေးအပ်သင့်ပါတယ်။ စွန့်ပစ်ပစ္စည်းများကို စနစ်တကျစီမံခန့်ခွဲရာတွင် စည်ပင်သာယာရေးအဖွဲ့အစည်းများ၏ တာဝန်သက်သက်မဟုတ်ဘဲ မြို့နေပြည်သူအားလုံးနှင့်သက်ဆိုင်သော လုပ်ငန်းစဉ်ဖြစ်နေသောကြောင့် အမျိုးသားကျန်းမာရေးဆိုင်ရာ ကိစ္စတစ်ရပ်သဖွယ် အထူးအလေးထားစီမံ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ရှမ်းပြည်နယ်စည်ပင်သာယာရေးဌာနအနေဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် စွန့်ပစ်ပစ္စည်းများ စီမံခန့်ခွဲနိုင်ရန် လေ့လာစိစစ်မှုအရ လက်အောက် ရှိ မြို့နယ်/မြို့နယ်ခွဲများအနေဖြင့် ဝန်ထမ်းအင်အားနည်းပါးမှု၊ အမှိုက်စွန့်ပစ်ရန်မြေနေရာရှားပါးမှုများ တွေ့ကြုံနေရမှုအပေါ် မြို့ပေါ်အမှိုက်သိမ်းဆည်းရေးလုပ်ငန်းကိုပင် ရှိသည့်အင်အားဖြင့် အတတ်နိုင်ဆုံးကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါကြောင်းနှင့် အသိပညာပေးစာအုပ်များကို ပုံနှိပ်ထုတ်လုပ်၍ အိမ်တိုင်းသို့ ဖြန့်ဝေရန်ကိစ္စနှင့်ပတ်သက်၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ အကြံပြုချက်များဖြင့်ပေါင်းစပ်၍လည်းကောင်း၊ အမှိုက်စွန့်ပစ်ပုံနည်းစနစ်အား ပြည်သူအများသိရှိနိုင်ရေး သတင်းမီဒီယာ၊ ချယ်ရီ FM, MRTV ရုပ်/သံတို့တွင်လည်းကောင်း၊ စွန့်ပစ်ပစ္စည်းများ၊ အမှိုက်များစီမံခန့်ခွဲရာတွင် ငွေကြေးအင်အား လုံလောက်စွာ သုံးစွဲနိုင်ရေးကို နိုင်ငံတော်အစီအစဉ်ဖြင့် လည်းကောင်းကူညီမှုများ ရရှိပါက ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ ဒေါ်နန်းဖွေးဟွမ်ဦး၏အဆိုကို မှတ်တမ်းတင် ရန်သင့်ပါကြောင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** အဆိုကိုလွှတ်တော်ကိုယ်စားလှယ်(၂)ဦးက အကြံပြု ဆွေးနွေးထားတာရှိသလို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ကိုယ်စား သက်ဆိုင်ရာတာဝန်ရှိတဲ့ဝန်ကြီးကလည်း ဒီအဆိုကို မှတ်တမ်းတင်ရန် ဆွေးနွေးသွားတာရှိပါတယ်။ ဒါကြောင့်ဒီအဆိုကို မှတ်တမ်းတင်မှုနှင့်စပ်လျဉ်း၍ အဆိုတင်သွင်းတဲ့ ဒေါ်နန်းဖွေးဟွမ်ဦးမှ ၂၀၁၃ခုနှစ် ရှမ်းပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၂၅(စ) (ဆ)အရ တစ်ဖန်

ပြန်လည်ဆွေးနွေးနိုင်ပါတယ်။

**ဒေါ်နန်းဖွေးဟွမ်ဦး၊ မောက်မယ်မြို့နယ်မဲဆန္ဒနယ် အမှတ်(၁)။** အားလုံးမင်္ဂလာပါ။ ဦးစွာအကြံပြုဆွေးနွေးပေးတဲ့ လွှတ်တော်ကိုယ်စားလှယ်များကို ကျေးဇူးတင်ပါတယ်။ ကျွန်မ အဆိုမှာ "ယနေ့ခေတ်တွင် အမှိုက်အမျိုးမျိုးကြောင့် ညစ်ညမ်းမှုဖြစ်နေသည်ကို လျှော့ချနိုင်ရန် ရှမ်းပြည်နယ်စည်ပင်သာယာရေးဝန်ကြီးဌာနမှ အမှိုက်ဖြစ်ပေါ်လာရခြင်း အကြောင်းရင်းခံများ၊ အမှိုက်အမျိုးအစားခွဲခြားမှုများနှင့် စနစ်တကျစွန့်ပစ်ပုံစနစ်များပါဝင်သော အသိပညာပေးစာအုပ်များ ပုံနှိပ်ထုတ်လုပ်၍ အိမ်တိုင်းသို့ဖြန့်ဝေပေးပါရန် တိုက်တွန်းကြောင်း" အဆိုဖြစ်ပါတယ်။ ရှမ်းပြည်နယ်စည်ပင်သာယာရေးဥပဒေ ရည်ရွယ်ချက်ပုဒ်မ ၄(ဃ)၌ မြို့၊ ရပ်ကွက်၊ ကျေးရွာ စနစ်တကျ ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန် အများပြည်သူထံမှ ရရှိထားသော အခွန်အခများသည် အများပြည်သူအကျိုးအတွက်သာ ဖြစ်သည်ဟူသော ဦးတည်ချက်ဖြင့် ဆောင်ရွက်စေရန်ဟူ၍ပါရှိပါတယ်။ အကြံပြုဆွေးနွေးသွားတဲ့ လွှတ်တော်ကိုယ်စားလှယ် ပြောသွားသလိုပါပဲ ကျွန်မတို့ ရှမ်းပြည်နယ်မှာ စာမတတ်တဲ့လူဦးရေတွေများပါတယ်။ စာမတတ်ရုံတင်မက ကျွန်မတို့ရှမ်းပြည်နယ်မှာ စစ်ပွဲတွေလည်းအကြိမ်ကြိမ်ဖြစ်နေသောကြောင့် စီးပွားရေးလည်း မကောင်းပါဘူး။ လူနေမှုအဆင့်အတန်းက FM, TV အဆင့်နဲ့ မဖြစ်နိုင်ပါဘူး။ မိုင်းကိုင်ကိုယ်စားလှယ် ဆွေးနွေးသွားသလိုပါဘဲ ဖုန်းလိုင်းအနေနဲ့လည်း မီဒီယာအတိုင်းသွားမယ်ဆိုရင် လုပ်ဆောင်မှု အားနည်းနိုင်ပါတယ်။ စာအုပ်အဖြစ်ထုတ်ဝေပေးမည်ဆိုပါက လူသတင်း၊ လူချင်းဆောင်ပြီး စာတတ်သူတွေက ပြန်ပြီးဖြန့်ဝေသွားကြမှာဖြစ်ပါတယ်။ ဝန်ကြီးပြောသွားသလိုပါပဲ။ အစည်းအဝေးပွဲတွေ သာများနေပါတယ်။ ကျွန်မအမြင်ကတော့ လုပ်ဆောင်မှုအားနည်း နေပါတယ်။ သိသာထင်ရှားမှုအနေနဲ့ပြောရမယ်ဆိုပါက ပွဲလမ်းသဘင်တွေ ကျင်းပပြီးတိုင်း အမှိုက်များကို တာဝန်တစ်ခုအနေ ဖြင့်လုပ်ဆောင်နေရတာဟာ လူတစ်ဦးတစ်ယောက်စီရဲ့ အမှိုက်တစ်စကနေပြီးတော့ အသိစိတ်အရရော၊ ပတ်ဝန်းကျင်အရ ပါ သူသူငါငါ စွန့်ပစ်နေကြတဲ့ ထုံးတမ်းစဉ်လာလိုဖြစ်နေတဲ့ လူတွေရဲ့စိတ်ဓါတ်အနေနဲ့ရော လူတစ်ဦးရဲ့အမှိုက်တစ်စမှ အမှိုက်ပုံကြီးဖြစ်လာသည်ကို သတိမထားမိဘဲ မဆင်မခြင် အမှိုက် စွန့်ပစ်ရာကနေ သိမ်းမနိုင်တဲ့ အမှိုက်ပုံကြီးဖြစ်လာတဲ့အခါ အစိုးရအနေဖြင့်လည်း သိမ်းဆည်းမှုအပိုင်းမှာ ပိုမို၍ဝန်ထုပ်ဝန်ပိုး ဖြစ်စေပြီး ဘဏ္ဍာရေးအရ ကြည့်မယ်ဆိုရင်လည်း ယခုကျွန်မ တင်သွင်းတဲ့အဆိုမှာ အမှိုက်စွန့်ပစ်ပုံစနစ်စာအုပ်ထုတ်ဝေတဲ့ ဘဏ္ဍာငွေထက် အဆပေါင်းများစွာ ကုန်ကျနိုင်ပါတယ်။ ယခုအဆိုမှာ ရေရှည်အားဖြင့် ဘဏ္ဍာရေးအရသော်လည်းကောင်း၊ ဝန်ကြီးဌာနအရသော်လည်းကောင်း၊ လူထုအတွက်သော်လည်းကောင်း၊ နိုင်ငံ့သိက္ခာအတွက်သော်လည်းကောင်း အဘက်ဘက်မှ အဆင်ပြေနိုင်ဖို့ဖြစ်ပါတယ်။ ကျွန်မတို့သည် လူထုကိုယ်စားပြု လွှတ်တော်ကိုယ်စားလှယ် ဖြစ်သည့်အားလျော်စွာ လူထုပါဝင်မှုကို တွန်းအားပေးပါတယ်။ ကျွန်မတို့ လွှတ်တော်ကိုယ်စားလှယ် အနေဖြင့်လည်း ကျွန်မ၏အဆိုကို ဝိုင်းဝန်းကာ ပြည်သူရဲ့ပါဝင်မှုကို အလေးထားပြီး အတည်ပြုကြမယ်လို့ မျှော်လင့်ပါတယ်။ လွှတ်တော်၏ အဆုံးအဖြတ်ကို ခံယူပါမယ်ရှင်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ဒီကနေ့ကတော့ ကျွန်တော်တို့ လွှတ်တော်မှာ မဲခွဲတဲ့အစဉ်အလာကတော့ တစ်စထက်တစ်စ

ဆက်လက်ပြီး မနက်ကလိုဘဲဆောင်ရွက်မှာဖြစ်ပါတယ်။ သက်ဆိုင်ရာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီး မရှင်သန်တိုးတက်လာတာ တွေ့ရပါတယ်။ အဆိုနှင့် ပတ်သက်၍ ဖြစ်နိုင်၊ မဖြစ်နိုင် ဆိုတာထက် မဲခွဲဆုံးဖြတ်တဲ့အခါမှာ ဖြစ်စေသတည်းဆိုတဲ့ ပုံစံမျိုးနဲ့ပဲ ဖြစ်နေတာဖြစ်ပါတယ်။ အဆိုရှင်ရဲ့ဆန္ဒအရ အဆိုကိုမှတ်တမ်းတင်သင့်ကြောင်း အကျယ်တဝင့်ရှင်းလင်းဆွေးနွေးပြီး၊ အဆိုတင်သွင်းသည့် ကိုယ်စားလှယ် အနေဖြင့်အဆိုကိုအတည်ပြုပေးရန် လွှတ်တော်၏ ဆန္ဒကိုတင်ပြလာတဲ့အတွက် ၂၀၁၃ခုနှစ်၊ ရှမ်းပြည်နယ် လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၃၇ (က)အရ အစည်းအဝေးသို့ တက်ရောက်မဲပေးသည့်ကိုယ်စားလှယ်များ၏ များရာမဲဖြင့် ဆုံးဖြတ်ရမှာဖြစ်ပါတယ်။ နံနက်ပိုင်းတွင် အစည်းအဝေးတက်ရောက်သော ကိုယ်စား လှယ်(၁၂၄)ဦးရှိသော်လည်းညနေပိုင်းတွင်အစည်းအဝေးတက်ရောက်သော ကိုယ်စားလှယ်မှာ (၁၂၂)ဦးရှိ ပါတယ်။ဆန္ဒမဲပေးမည့်ကိုယ်စားလှယ်မှာ ကျွန်တော်မပါရင်(၁၂၁)ဦးရှိပါတယ်။ ယခုအဆိုကို အတည်ပြုရန် သဘောတူသည့်လွှတ်တော်ကိုယ်စားလှယ်များ မိမိနေရာ၌ မတ်တပ်ရပ်၍ ဆန္ဒပြုစေလိုပါတယ်။

အဆိုကို အတည်ပြုရန် မတ်တပ်ရပ်ပြီးဆန္ဒပြုသည့် ကိုယ်စားလှယ်ဦးရေမှာ (၅၈)ဦးဖြစ်ပြီး ထက်ဝက်ထက်မကျော်သည့်အတွက် လက်ရှိမတ်တပ်ရပ်နေသော ကိုယ်စားလှယ်များထိုင်နိုင်ပါတယ်။ ကြားနေကိုယ်စားလှယ်ရှိပါက မတ်တပ်ရပ်ပေးပါ။ ကြားနေကိုယ်စားလှယ်များမရှိသည့်အတွက် ကျန်တဲ့ ကိုယ်စားလှယ်များက အတည်ပြုရန် ကန့်ကွက်သည့်သဘောဖြစ်ပါတယ်။ အဆိုကို အတည်ပြုရန် ထောက်ခံသူက (၅၈)ဦး၊ ကြားနေ မရှိပါဘူး။ အဆိုကို အတည်ပြုရန်ကန့်ကွက်သူ(၆၃)ဦးဖြစ်ပါတယ်။ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အဆိုကို အတည်ပြုရန် ကန့်ကွက်သူဦးရေသည်ပိုများသဖြင့် ၎င်းအဆိုကို မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။